## ရှမ်းပြည် ပြန်လည်ထူထောင်ရေးကောင်စီ- RCSS/SSA မှ တအာင်းပြည်သူလူထုများအား ဆိုးရွားစွာ လူ့အခွင့်အရေးချိုးဖောက်မှု ကျူးလွန်သည့်အပေါ်

## တအာင်းအမျိုးသမီးအဖွဲ့အစည်းနှင့် တအာင်းကျောင်းသားနှင့်လူငယ်များအဖွဲ့၏ သဘောထားထုတ်ပြန်ချက်

**ရက်စွဲ။ ။ ၂၀၁၆-ခုနှစ်၊ ဖေဖါ်ဂါရီလ ၁၀ ရက်။**

၁။ မိုင်းကိုင်မြို့နယ် အခြေစိုက် ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ- RCSS/SSA တပ်ရင်း (၃၇၇)မှ ဖွဲ့စည်းထားသော မြို့နယ်ကော်မတီအတွင်းရေးမှူး ဦးပေါ်ပွဲမှ ဦးဆောင်သာ ကော်မတီ ၇ ဦးသည် မိုင်းကိုင်မြို့နယ် နောင်စံဖူးအုပ်စု ပန်လော့ကျေးရွာ ကျေးရွာအုပ်ချုပ်ရေးမှူး၏အိမ်တွင် တပ်သားစုဆောင်းရန်အတွက် နောင်စံဖူးအုပ်စု တအာင်းရွာ(၈)ရွာ၊ ခေးအုံအွေ့အုပ်စု တအာင်းကျေးရွာ(၆)ရွာ၊ စုံလောအုပ်စု တအာင်းရွာ(၃)ရွာ၊ ဖားခေါင်အုပ်စု တအာင်းရွာ(၈) ရွာမှ ဥက္ကဌများကို အမိန့်ခေါ်စာဖြင့် ဆင့်ခေါ်ကာ တစ်အုပ်စုလျှင် တပ်သား(၁၀၀)၊ စုစုပေါင်းကျေးရွာ ၂၅ ရွာ တပ်သား(၄၀၀)ကျော် စုဆောင်းပေးရမည်ဟု အမိန့်ပေးပြီး ဖေဖေါ်ဂါရီလ ၂၀ ရက်နေ့တွင် စစ်သင်တန်းသွားတက်ရမည်ဟု အမိန့်ထုတ်ခဲ့သည်။

၂။ ဤကိစ္စနှင့်ပတ်သက်ပြီး ထိုအုပ်စု (၄) စုရှိ ရွာသူ၊ ရွာသားများမှ တပ်သားသစ်များမပေးနိုင်ပေ။ အကယ်၍ တပ်သားသစ်များမပေးပါက ရွာသားများ၏ အိုးအိမ်ပစ္စည်းများကို ဖျက်ဆီးမည်ဟု ခြိမ်းခြောက်ခဲ့သည်။ ရွာသားတစ်ဦး၏ ပြောပြချက်အရ " အရင်တုန်းကလည်း ကျနော်တို့ဆီကို စစ်သားလာကောက်တယ်။ စစ်သားမပေးနိုင်ရင် စစ်သားတစ်ယောက်ကြေးကို သိန်း(၃၀) ပေးရမယ်။ မပေးနိုင်ဘူးဆိုရင် ရွာမှာရှိတဲ့ ကျွဲ၊ နွားတွေကိုသိမ်းတယ်။ ခြံမြေတွေကို သိမ်းတယ်။ အခုစစ်သားကောက်တာက ကျနော်တို့ တအာင်းအချင်းချင်း စစ်တိုက်ခိုင်းနေတယ်။ ရန်ဖြစ်ခိုင်းတယ်။ ဒါက ဘယ်လိုမှ တအာင်းတစ်ယောက်အနေနဲ့ ဘယ်လိုမှ လက်မခံနိုင်ဘူး။ အခု RCSS နဲ့ TNLA တိုက်နေတယ်။ ကျနော်တို့ တအာင်းအချင်းချင်းကို ပြန်တိုက်ခိုင်းနေတာ။" ဟု ပြောပြခဲ့သည်။

၃။ ရှမ်းပြည်တောင်ပိုင်းရှိ တအာင်းရွာသူရွာသားများကို မတရားဖမ်းဆီးခြင်း၊ ခြိမ်းခြောက်ခြင်း၊ အတင်းအဓမ္မ တပ်သားသစ်စုဆောင်းခြင်း၊ ကျေးရွာများ အိုးအိမ်များဖျက်ဆီးခြင်းပြုလုပ်သည့်အပြင် ရှမ်းပြည်မြောက်ပိုင်းရှိ နမ့်ခမ်းမြို့နယ် လောနော်ကျေးရွာတွင် ရှမ်းပြည် ပြန်လည်ထူထောင်ရေးကောင်စီ- RCSS/SSA တပ်ရင်း(၇၀၁) မှ အပြစ်မဲ့ ရွာသား မိုင်းလုမ်နော်အား ဖေဖော်ဝါရီလ ၈ ရက်၊ ၂၀၁၆ ခုနှစ်တွင် အကြောင်းပြချက်မရှိပဲ လူသားမဆန်စွာ ဖမ်းဆီးပြီး ယခုအချိန်အထိ (ဖေဖော်ဝါရီလ ၁၀ ရက်၊၂၀၁၆) ရွာတွင်းတွင် ကြိုးတုတ်ချည်နှောင်ထားကာ ညှဉ်းပမ်းနှိပ်စက်ခဲ့သည်။

၄။ ထို့နေ့တစ်နေ့တည်းတွင် လောနော်ရွာရှိ ရွာသူရွာသားများ၏ အိုးအိမ်များအပြင် ရွာဦးဘုန်းကြီးကျောင်းပါမကျန် ခွင့်ပြုချက်မရှိပဲ အတင်းအဓမ္မ ဝင်ရောက်မွေနှောက်ခဲ့ပြီး အိမ်တွင်းပစ္စည်းများကို ဖျက်ဆီးကာ ဦးညီကျမ်နေအိမ်တွင် ငွေ (၅)သိန်းကျပ်တိတိ၊ ဦးအညမ်းကျူနေအိမ်တွင် ငွေ(၅)သိန်းကျပ်တိတိအား အတင်းအဓမ္မ ယူဆောင်သွားခဲ့သည်။

၅။ ထို့ကြောင့် လောနော်ရွာသားများမှလည်း ရွာတွင်းသို့မနေရဲသောကြောင့် မိုင်းစီးရွာသို့ တစ်ရွာလုံးနီးပါး ထွက်ပြေးတိမ်းရှောင်ခဲ့ကြသည်။ ထွက်ပြေးတိမ်းရှောင်သွားကြသော လောနော်ရွာသားများဦးရေမှာ စုစုပေါင်း ၅၅၀ ယောက်ရှိပြီး ကလေးများ ဦးရေ ၁၇၇ယောက် ပါဝင် ထွက်ပြေးတိမ်းရှောင်ခဲ့ရကြရပြီး ထိုထွက်ပြေးတိမ်းရှောင်နေရသော ဒုက္ခသည်များမှာ စားဝတ်နေရေးအခက်အခဲကြုံတွေ့နေရသောကြောင့် ယခုလက်ရှိအချိန်တွင် အရေးပေါ်အကူအညီများ လိုအပ်နေသည်။ ဤလူသားမဆန်စွာ လုပ်ရပ်များ၊ လူ့အခွင့်အရေးချိုးဖောက်မှုများအားလုံးကို မိမိတို့အဖွဲ့အစည်းမှ ပြင်းထန်စွာ ကန့်ကွက်ရှုံ့ချသည်။

၆။ တနိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် (NCA) ကို ရှမ်းပြည် ပြန်လည်ထူတောင်ရေးကောင်စီ- RCSS/SSA မှ လက်မှတ်ထိုးထားသော်လည်း ယခုကဲ့သို့ တအောင်းပြည်သူလူထုအပေါ် ရွာသူ၊ ရွာသားများကို ခြိမ်းခြောက်ခြင်း၊ အတင်းအဓမ္မတပ်သားသစ်များစုဆောင်းခြင်း၊ မတရားဖမ်းဆီး ညှဉ်းပမ်းနှိပ်စက်ခြင်း၊ အိုးအိမ် ပစ္စည်းများ ဖျက်ဆီးခြင်း နှင့် လုယက်ခြင်းများပြုလုပ်နေခြင်းသည် တနိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူ စာချုပ်ရှိ အပိုဒ် (၅)၊အပိုဒ်(၆) နှင့် အပိုဒ်(၉) များကို ချိုးဖောက်သည့်အပြင် ငြိမ်းချမ်းရေးဖော်ဆောင်ရန်အတွက် အဟန့် အတားတစ်ခုဖြစ်ပြီး ပြည်သူ လူထုများ အယုံအကြည်ကင်းမဲ့စေသောကြောင့် မိမိတို့ တအောင်းအမျိုးသမီးအဖွဲ့အစည်းTWO မှ ပြင်းထန်စွာ ကန့်ကွက်ရှုံ့ချသည်။

၇။ လက်နက်ကိုင်အဖွဲ့အစည်းနှစ်ဖွဲ့အကြား သဘောထားမသက်ဆိုင်သဖြင့် တိုက်ခိုက်ရာတွင် အပြစ်မဲ့ပြည်သူလူထုများကို ပစ်မှတ်ထားပြီး စစ်ပွဲ၏တန်ဆာခံအဖြစ် အသုံးပြုနေခြင်း၊ ပြည်သူများ၏ လွတ်လပ်မှု၊ အသက်ဘေးလုံခြုံမှုကို ထိခိုက် ဖျက်ဆီးခြင်းသည် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး ကြေညာစာတမ်း UDHR အပိုဒ် (၅) နှင့် အပိုဒ် (၃) ကို ချိုးဖေါက်သည့်အပြင် ညှဉ်းပမ်းနှိပ်စက်ခြင်းကို ဆန့်ကျင်သော နိုင်ငံတကာစာချုပ် Convention against Torture and Other Cruel, Inhuman or Degrading Treatment or Punishment ၊နှင့် စစ်ပွဲအတွင်း အရပ်သားအခွင့် အရေးကို ကာကွယ်သော Geneva Convention Protocol ကိုလည်း လိုက်နာရန် ပျက်ကွက်နေသောကြောင့် ဤလုပ်ရပ်အား လုံးဝဆန့်ကျင် ကန့်ကွက်သည်။

၈။ ရိုးသားစွာဖြင့် မိမိတို့၏ မိသားစု ဝမ်းရေးအတွက် အသက်မွေးဝမ်းကျောင်းပြုနေသော လက်နက်မဲ့၊ အာဏာမဲ့၊ အပြစ်မဲ့ ပြည်သူလူထုများကို ပစ်မှတ်ထား၍ ယခုကဲ့သို့ ဖမ်းဆီးခြင်း၊ ညှဉ်းပမ်းနှိပ်စက်ခြင်း၊ အိုးအိမ်ပစ္စည်းများ၊ ရွှေ၊ ငွေ လုယက်ခြင်းမှ မပြုလုပ်ရန်နှင့် ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ -RCSS/SSA တို့၏ လုပ်ရပ်ကြောင့် နစ်နာဆုံးရှုံးနေသော ရွာသူရွာသားများကိုလည်း တရားမျှတမှုရှိစေရန်အတွက် အစိုးရနှင့် ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီတို့မှ အရေးယူဖြေရှင်းပေးရမည်။

ထို့ကြောင့် မိမိတို့ အဖွဲ့အစည်းမှ အောက်ပါ အချက်အလက်များကို တောင်းဆိုသည်။

- ယခု ဖမ်းဆီး ညှဉ်းပမ်းနှိပ်စက်ခံရသည့် လောနော်ရွာသား မိုင်းလုမ်နော်အား ခြွင်းချက်မရှိ အမြန်ဆုံး ပြန်လွှတ်ပေးရန် နှင့် တရားမျှတမှုရှိစေရန်အတွက် တာဝန်ရှိသူများမှ တာဝန်ယူဖြေရှင်းပေးရန်။
- အပြစ်မဲ့ပြည်သူလူထုများကို ခြိမ်းခြောက်ခြင်း၊ မတရားဖမ်းဆီးခြင်း၊ ညှဉ်းပမ်းနှိပ်စက်ခြင်းများ၊ အတင်းအဓမ္မပစ္စည်းများ လုယူခြင်းနှင့် ဖျက်ဆီးခြင်း၊ အတင်းအဓမ္မတပ်သားသစ်များစုဆောင်းခြင်း မပြုလုပ်ရန်။
- လက်နက်ကိုင် အချင်းချင်းကြား ထိုးစစ်ဆင်ခြင်း၊ တိုက်ခိုက်နေခြင်း အမြန်ဆုံး ရပ်တန့်ရန်။
- ဖမ်းဆီး ညှဉ်းပမ်းနှိပ်စက်ခံရသည့် ရွာသူရွာသားများနှင့် နစ်နာသူများအားလုံး တရားမျှတမှုရှိစေရန်အတွက် ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ ပူးတွဲ စောင့်ကြည့်ရေး ကော်မတီ အပါအဝင် အစိုးရနှင့် RCSS/SSA တို့မှ တာဝန်ရှိ ပုဂ္ဂိုလ်များ ချက်ခြင်း တာဝန်ယူဖြေရှင်းပေးရန်။

- မိမိတို့ သဘောတူ လက်မှတ်ထိုးထားသည့် စာချုပ်စာတမ်းများနှင့် စစ်ပွဲအတွင်း စစ် စည်းမျဉ်း၊ စည်းကမ်းများ၊ နိုင်ငံတကာ စစ်ပွဲဆိုင်ရာ စည်းမျဉ်း၊ စည်းကမ်းများကို တသွေမတိမ်း လိုက်နာရန်။

**တအာင်းအမျိုးသမီးအဖွဲ့အစည်းTWO**

**တအာင်းကျောင်းသားနှင့်လူငယ်များအဖွဲ့ - TSYU**


**ဆက်သွယ်ရန်**

**လိုည်းပိုးငယ် - +၉၅ ၀၉၇၃၀၆၃၀၁၇**

**ဒီဒီပိုးခေခ် - + ၉၅ ၀၉၆၇၁၈၂၁၈**

**မိုင်းမျိုးအောင် - +၉၅ ၀၉၂၅၆၂၃၆၆၅၄**

**လိုည်းလှားရိန်း - +၉၅ ၀၉၂၅၇၇၇၂၆၇၁၃**